**WORLD BANK GROUP**

**သတင်းထုတ်ပြန်ချက်**

**မစ္စတာ အဗ္ဗူလာရေ ဆက်သည် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် စတင် တာဝန်ထမ်းဆောင်မည်**

**ရန်ကုန်၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်** - မစ္စတာ အဗ္ဗဒူလာရေ ဆက်သည် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် အသစ်အဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်အုပ်စုက သတင်း ထုတ်ပြန် လိုက်သည်။ မစ္စတာ ဆက်သည် မစ္စတာခန်သန် ရှန်ကာ ထံမှ တာဝန်ကို လွှဲပြောင်း ထမ်းဆောင်မည်ဖြစ်သည်။ မစ္စတာ ရှန်ကာသည် ကမ္ဘာ့ဘဏ်၏ ဌာနေ ကိုယ်စားလှယ်အဖြစ် ၂၀၁၂ ခုနှစ်မှ စတင် တာဝန်ယူခဲ့ပြီးနောက် ကမ္ဘာ့ဘဏ်နှင့် မြန်မာ နိုင်ငံ အကြား မူဝါဒဆိုင်ရာ ဆွေးနွေးမှုများနှင့် မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြိုးပမ်း ဆောင်ရွက်မှုများ ကို ဦးဆောင်ခဲ့သူ ဖြစ်ပါသည်။

ယခု တာဝန် မတိုင်မီက မစ္စတာ အဗ္ဗဒူလာရေ ဆက်သည် အရှေ့ဥရောပရှိ မော်ဒိုဗာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် အဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး မော်ဒိုဗာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်အုပ်စု၏ ပူးပေါင်းဆောင်ရွက်မှု မူဘောင်ရေးဆွဲရာတွင်လည်းကောင်း၊ အကောင်အထည် ဖော်ရာတွင် လည်းကောင်း ဦးဆောင်ခဲ့သူ ဖြစ်ပါသည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ရေရှည်တည်တံ့မှုနှင့် လူတိုင်း ပါဝင်မှုရှိစေသည့် စီးပွားရေးတိုးတက်မှု၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး အကာအကွယ် အစီအမံများ ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ စီမံဆောင်ရွက်မှု စသည်တို့ ပါဝင်သည့် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် မော်ဒိုဗာနိုင်ငံ အစိုးရနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများကို ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မော်ဒိုဗာနိုင်ငံ အစိုးရ၏ အလွန်အမင်း ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနှင့် သာယာ ဝပြောမှုများကို မြှင့်တင် ဆောင်ရွက်နိုင်ရေး ဆောင်ရွက်မှုများအား ကူညီနိုင်ရန်အတွက် ဖွံ့ဖြိုးရေး စီမံကိန်းများကို ဦးဆောင် စီမံကွပ်ကဲခဲ့ပါသည်။ အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အား ပိုမို အားဖြည့်တင်းနိုင်ရန်အတွက် ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် အခြား အဖွဲ့အစည်းအသီးသီး ပါဝင် နိုင်သော ပူးပေါင်း ဆောင်ရွက်မှုများကိုလည်း ထိရောက်စွာ ဦးဆောင်ခဲ့ပါသည်။

၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း မစ္စတာ ဆက်သည် ဂျပန်နိုင်ငံတွင် JICA အဖွဲ့အစည်း၏ Credit Risk Analysis Department တွင် အကြံပေး အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ JICA၏ ချေးငွေပေးအပ်မှုနှင့် စပ်လျဉ်းပြီး အန္တရာယ်ဖြစ်ပေါ်နိုင်သည့် ကိစ္စရပ်များအပေါ် စီမံခန့်ခွဲနိုင်ရန် မဟာဗျူဟာ အကြံဉာဏ်များကို ပေးအပ်ခဲ့သူ ဖြစ်ပါသည်။

JICA တွင် တာဝန်မထမ်းဆောင်မီက မစ္စတာ ဆက်သည် ကမ္ဘာ့ဘဏ်တွင် အဆင့်မြင့် စီးပွားရေး ပညာရှင်တစ်ဦးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး စီးပွားရေး ဆိုင်ရာ မူဝါဒများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများ၊ ဖွံ့ဖြိုးရေး မူဝါဒ ဆိုင်ရာ ချေးငွေနှင့် ကူညီမှု ထိရောက်ရေးဆိုင်ရာ ပါရီ ကြေငြာချက် စသည့်တို့ကို အကောင်အထည်ဖော်ရာတွင် ဦးဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ကမ္ဘာ့ဘဏ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး မတိုင်မီတွင် မစ္စတာ ဆက်သည် ဆီနီဂေါနိုင်ငံတွင် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် စီးပွားရေးပညာရှင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်၏ စာရင်းအင်းများ၊ မက်ခရို စီးပွားရေး ဆိုင်ရာ မှန်းဆချက်များနှင့် စီးပွားရေးဆိုင်ရာ စီမံကိန်းများကို ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။

မစ္စတာ ဆက်သည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီးပွားရေ မဟာဝိဇ္ဇာဘွဲ့ကို ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ Graduate School of Economics, Statistics and Finance မှ ရရှိထားပါသည်။


**Contacts in Yangon:**

**Kyaw Soe Lynn** klynn@worldbank.org +95 9 203 1159

**Meriem Gray** mgray@worldbank.org +959 421128395

**Washington:**

**Carl Hanlon** chanlon@worldbank.org

**Diana Chung** dchung1@worldbank.org

**Broadcast:** Mehreen Sheikh +1 (202) 458-7336, msheikh1@worldbank.org